# စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
# စီမံကိန်းဦးစီးဌာန

# စိုက်ပျိုးစီးပွားသတင်းလွှာ

အမှတ်စဉ် (၄/ ၂၀၂၅) ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ(၂၇) ရက်

| ၂၇- ၂- ၂၀၂၅ | |
|---|---|
| ငွေကြေး အမျိုးအစား | ငွေလဲလှယ်နှုန်း (ကျပ်) |
| ဒေါ်လာ | ၂,၁၀၀.၀ |
| ယူရို | ၂၁၉၉.၂၃ |
| စင်္ကာပူဒေါ်လာ | ၁၅၆၅.၄၇ |
| စတာလင်ပေါင် | ၂၆၆၀.၈၁ |
| ဂျပန်ယန်း (၁၀၀) | ၁၄၀၃.၀၉ |
| တရုတ်ယွမ် | ၂၈၈.၇၇ |
| ဟောင်ကောင် ဒေါ်လာ | ၂၇၀.၁၀ |
| အိန္ဒိယရူပီး | ၂၄.၀၇ |
| ကိုရီးယားဝမ် (၁၀၀) | ၁၄၅.၄၂ |
| မလေးရှား ရင်းဂစ် | ၄၇၂.၃၉ |
| ဖိလစ်ပိုင်ပီဆို | ၃၆.၂၆ |
| ထိုင်းဘတ် | ၆၁.၈၉ |
| ဗီယက်နမ်ဒေါင် (၁၀၀) | ၈.၂၂ |


လယ်ယာစီးပွားနှင့်
ကုန်သွယ်မှုဌာနခွဲ
စီမံကိန်းဦးစီးဌာန
ရုံးအမှတ် (၁၅)
ဖုန်း-၀၆၇-၃၄၁၀၆၈၄
Email-
misdop.moali@gmail.com


## သတင်းခေါင်းစဉ်များ

- **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေထွက်ပစ္စည်းဆိုင်ရာသတင်းများ**

➢ အိန္ဒိယနိုင်ငံတွင် ၂၀၂၄-၂၅ ဘဏ္ဍာနှစ်၊ ဧပြီလမှ ဒီဇင်ဘာလအထိကာလအတွင်း သဘာဝရာဘာ၊ လက်ဖက်ခြောက်၊ ကော်ဖီ၊ ဖာလာစေ့ (အသေး)၏ ဈေးနှုန်းများ မြင့်တက်

- **အထွေထွေသတင်းများ**

➢ (၈) ကြိမ်မြောက် Bengal Global Business Summit (BGBS) အခမ်းအနားသို့ ကော်လ်ကတ္တားမြို့၊ မြန်မာကောင်စစ်ဝန်ချုပ်ရုံးမှ ကောင်စစ်ဝန်ချုပ် တက်ရောက်

➢ အိန္ဒိယနိုင်ငံ ဆေးဝါးထိန်းချုပ်ရေးအဖွဲ့သည် တင်ပို့မှုလုပ်ငန်းစဉ်ကို ရိုးရှင်းစေပြီး လုပ်ငန်းတာဝန်များကို လျှော့ချမည်

➢ အိန္ဒိယနှင့် EU တို့သည် ကမ္ဘာ့အခြေအနေ ပြောင်းလဲမှုများကြားတွင် ဆက်ဆံရေးခိုင်မာစေရန် ကြိုးပမ်း

➢ ကမ္ဘာလုံးဆိုင်ရာ အထည်အလိပ် နည်းပညာနှင့် အင်ဂျင်နီယာ ဆိုင်ရာပြပွဲ (Global Textile Technology & Engineering Show (GTTES) 2025) သို့ စီးပွားရေးသံမှူးတက်ရောက်

## အိန္ဒိယနိုင်ငံတွင် ၂၀၂၄-၂၅ ဘဏ္ဍာနှစ်၊ ဧပြီလမှ ဒီဇင်ဘာလအထိကာလအတွင်း သဘာဝရာဘာ၊ လက်ဖက်ခြောက်၊ ကော်ဖီ၊ ဖာလာစေ့ (အသေး) ၏ ဈေးနှုန်းများမြင့်တက်

အိန္ဒိယနိုင်ငံတွင် ၂၀၂၄-၂၅ ဘဏ္ဍာနှစ်၊ ဧပြီလမှ ဒီဇင်ဘာလအထိကာလအတွင်း သဘာဝရာဘာ၊ လက်ဖက်ခြောက်၊ ကော်ဖီ၊ ဖာလာစေ့ (အသေး) ၏ ဈေးနှုန်းများသည် ယခင်နှစ် ကာလတူက ထက် မြင့်တက်လာကြောင်း အစိုးရတာဝန်ရှိသူများက ပြောကြားခဲ့ကြောင်း The Hindu Business-line သတင်းဌာနမှ ယခုလ ၁၂ ရက်နေ့က ဖော်ပြသည်။

၂၀၂၄-၂၅ ဘဏ္ဍာနှစ်၊ ဧပြီလမှ ဒီဇင်ဘာလအထိကာလအတွင်း Kerala ပြည်နယ်၊ Kottayam ခရိုင်တွင် RSS 4 ရာဘာမှိုင်းခံပြား၏ ပျမ်းမျှဈေးနှုန်းမှာ ၁ ကီလိုဂရမ်လျှင် ရူပီး ၂၀၂ ဒသမ ၀၄ ဖြစ်ပြီး၊ ယခင်နှစ်ကာလတူက ရူပီး ၁၅၁ ဒသမ ၈၈ သာရှိ၍ ၃၃ ဒသမ ၀၃ ရာခိုင်နှုန်း မြင့်တက်လာကြောင်း သိရသည်။ လက်ဖက်ခြောက်၊ ကော်ဖီ၊ ဖာလာစေ့ (အသေး) ၏ ဈေးနှုန်းများလည်း အလားတူမြင့်တက်ခဲ့ကြောင်း အိန္ဒိယကူးသန်းရောင်းဝယ်ရေးနှင့် စက်မှုဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး Jitin Prasada မှ လွှတ်တော်အစည်းအဝေးတစ်ခုတွင် ပြောကြားခဲ့ကြောင်း သိရသည်။

အဆိုပါကာလအတွင်း Kerala ပြည်နယ်၊ Kochi မြို့တွင် လက်ဖက်ခြောက်၏ ပျမ်းမျှလေလံဈေးနှုန်းမှာ ၁၈ ဒသမ ၁၇ ရာခိုင်နှုန်းမြင့်တက်ပြီး၊ ဖာလာစေ့ (အသေး) ၏ ပျမ်းမျှလေလံဈေးနှုန်းမှာ ၄၉ ဒသမ ၄၄ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း သိရသည်။ အလားတူ အခြောက်ခံထားခြင်း မရှိသေးသည့် အာရေဗီကားကော်ဖီသီး၏ ပျမ်းမျှ (စိုက်ခင်းအရောက်) ဈေးနှုန်း မှာ ၃၂ ဒသမ ၅၄ ရာခိုင်နှုန်းနှင့် ရိုဗက်စတာကော်ဖီသီး၏ ပျမ်းမျှ (စိုက်ခင်းအရောက်) ဈေးနှုန်း မှာ ၅၅ ဒသမ ၉၉ ရာခိုင်နှုန်းခန့် မြင့်တက်ခဲ့ကြောင်း ၎င်းမှ ပြောကြားခဲ့သည်။

အိန္ဒိယနိုင်ငံသည် နနွင်းကို အများဆုံး ထုတ်လုပ်တင်ပို့လျက်ရှိသည့် နိုင်ငံတစ်ခုဖြစ်ပြီး၊ ၂၀၂၃-၂၄ ဘဏ္ဍာနှစ်တွင် နနွင်းတန်ချိန် ၁ ဒသမ ၆၂ သိန်း၊ တန်ဖိုး ကန်ဒေါ်လာ ၂၂၆ ဒသမ ၅၈ သန်း တင်ပို့ရောင်းချခဲ့ကာ ကမ္ဘာ့ နနွင်းတင်ပို့မှု၏ ၆၅ ရာခိုင်နှုန်းခန့်ရှိကြောင်း ဒုတိယဝန်ကြီးမှ ပြောကြားခဲ့သည်။ အိန္ဒိယမှ တင်ပို့လိုက်သည့် နနွင်းအားလုံး၏ ၉၉ ဒသမ ၉၅ ရာခိုင်နှုန်းကို လက်ခံခွင့်ပြုပြီး၊ ၀ ဒသမ ၀၅ ရာခိုင်နှုန်းခန့်သာ ငြင်းပယ်ခံရတာမျိုးရှိကြောင်း ၎င်းမှ ဆက်လက် ပြောကြားခဲ့သည်။

Agribusiness & Trade

အိန္ဒိယနိုင်ငံတွင် ၂၀၂၃-၂၄ ဘဏ္ဍာနှစ်က နနွင်းကို ဟက်တာ ၂ ဒသမ ၉၃ သိန်း စိုက်ပျိုးခဲ့ပြီး၊ တန်ချိန် ၁၀ ဒသမ ၉၃ သိန်းကျော် ထွက်ရှိခဲ့ကြောင်း သိရသည်။ ၂၀၂၄-၂၅ ဘဏ္ဍာနှစ်၊ ဧပြီလမှ ဒီဇင်ဘာလအထိကာလအတွင်း Tamil Nadu ပြည်နယ် Erode ခရိုင်နှင့် Telangana ပြည်နယ် Nizamabad ခရိုင်တို့ရှိ အဓိကဈေးကွက်များတွင် နနွင်း ဈေးနှုန်းမှာ ၁ ကီလိုဂရမ်လျှင် ရူပီး ၁၃၆ ဒသမ ၁၉ နှင့် ရူပီး ၁၂၁ ဒသမ ၃၄ အသီးသီးရှိကြောင်း သိရသည်။ ယခင်နှစ်ကာလတူက နနွင်း ဈေးနှုန်းမှာ ၁ ကီလိုဂရမ်လျှင် ရူပီး ၈၃ ဒသမ ၆၀ နှင့် ရူပီး ၈၈ ဒသမ ၄၄ အသီးသီးရှိ၍ Erode ဈေးကွက်တွင် ၆၂ ဒသမ ၉ ရာခိုင်နှုန်းနှင့် Nizamabad ဈေးကွက်တွင် ၃၇ ဒသမ ၂ ရာခိုင်နှုန်း အသီးသီးမြင့်တက်ခဲ့ကြောင်း သိရသည်။

အဆိုပါ လွှတ်တော်အစည်းအဝေးတွင် သဘာဝရော်ဘာတင်သွင်းမှုအပေါ် စုပုံရှင်းရောင်းချမှု ကာကွယ်သည့်အခွန် (Anti-dumping duty) လတ်တလောကောက်ခံခြင်းမရှိသည့် အခြေအနေ၊ ကြက်သွန်နီတောင်သူများအတွက် အစိုးရမှ ကူညီထောက်ပံ့မည့်အစီအစဉ်နှင့် ပင်လယ်ရေညှိ (Seaweed) ထုတ်လုပ်မှုအခြေအနေများနှင့် စပ်လျဉ်းသည့် မေးမြန်းချက်များကို သက်ဆိုင်ရာ တာဝန်ရှိသူများ ပြန်လည်ဖြေကြားပေးခဲ့ကြောင်း သိရသည်။

ကောင်းထွဋ်နိုအောင်၊ စီးပွားရေးသံမှူး

ကော်လ်ကတ္တား

Source: The Hindu Businessline, Govt: Rubber, tea, coffee, cardamom prices up in Apr-Dec 2024-25, February 12, 2025.

.......................................................................................................

## (၈) ကြိမ်မြောက် Bengal Global Business Summit (BGBS) အခမ်းအနားသို့ ကော်လ်ကတ္တားမြို့၊ မြန်မာကောင်စစ်ဝန်ချုပ်ရုံးမှ ကောင်စစ်ဝန်ချုပ် တက်ရောက်

အနောက်ဘင်္ဂလားပြည်နယ်အစိုးရမှ ဦးစီး၍ ကော်လ်ကတ္တားမြို့ရှိ Biswa Bangla Convention Centre ၌ ၅-၂-၂၀၂၅ ရက်နှင့် ၆-၂-၂၀၂၅ ရက် တို့တွင် ကျင်းပပြုလုပ်ခဲ့သည့် (၈) ကြိမ်မြောက် Bengal Global Business Summit (BGBS) အခမ်းအနားသို့ ကော်လ်ကတ္တားမြို့၊ မြန်မာကောင်စစ်ဝန်ချုပ်ရုံးမှ ကောင်စစ်ဝန်ချုပ် ဦးအောင်အောင်မျိုးသိမ်း တက်ရောက်ခဲ့ပါသည်။ ယင်းအခမ်းအနားဖွင့်ပွဲနှင့် ပိတ်ပွဲအခမ်းအနားသို့ အနောက်ဘင်္ဂလား ပြည်နယ်ဝန်ကြီးချုပ် Mamata Banerjee တက်ရောက်အမှာစကားပြောခဲ့ပြီး၊ အမေရိကန်ပြည်ထောင်စု၊ ဗြိတိန်၊ ဂျပန်၊ ထိုင်းနိုင်ငံ

တို့အပါအဝင် နိုင်ငံပေါင်း (၂၀) ကျော်မှ အစိုးရပိုင်း အဆင့်မြင့်ကိုယ်စားလှယ်များ၊ သံတမန်များ၊ စီးပွားရေးလုပ်ငန်းရှင်များ စုစုပေါင်း (၂၀၀) ဦးခန့် တက်ရောက်ခဲ့ကြပါသည်။

ယခုနှစ်ကျင်းပသည့် အခမ်းအနားတွင် Country Partner နိုင်ငံ (၂၀) ၌ မြန်မာနိုင်ငံ ပါဝင်ပြီး၊ မြန်မာနိုင်ငံဘက်မှ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူး၊ ဒေါ်မေမျိုးဇော်၊ စီးပွားရေးသံမှူး ဦးကောင်းထွဋ်အောင်၊ ရွှေမျိုးချစ်ကုမ္ပဏီလီမိတက်မှ ဒေါ်သူဇာဝင်းနှင့် ကော်လ်ကတ္တားမြို့ အခြေစိုက် ABH Business Alliance Hub Private Limited တို့မှ ပူးပေါင်းပါဝင် တက်ရောက်ခဲ့ကြပါသည်။ ဆွေးနွေးပွဲနှင့်အတူ ကုန်စည်ပြပွဲအား Biswa Bangla Mela Prangan တွင် တစ်ပြိုင်တည်းကျင်းပပြုလုပ်ခဲ့ရာ၊ ပြခန်းပေါင်း (၂၅၀) ခင်းကျင်းပြသခဲ့ပြီး၊ မြန်မာပြခန်းတွင် ပြည်တွင်းဖြစ်လက်မှုပစ္စည်းများ၊ ဒေသထွက်ကုန်နမူနာများအား ခင်းကျင်းပြသခြင်း၊ ခရီးသွားလုပ်ငန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုဆိုင်ရာ သတင်းအချက်အလက်များ ဖြန့်ဝေပေးခြင်း စသည်တို့ကို ဆောင်ရွက်ခဲ့ပါသည်။

ဘူတန်၊ ဂျာမနီ၊ ဂျပန်နှင့် ပိုလန်၊ မလေးရှား၊ နယ်သာလန်နိုင်ငံများမှ နိုင်ငံအလိုက် ဆွေးနွေးပွဲများကျင်းပကြပြီး၊ ကဏ္ဍအလိုက် ဆွေးနွေးပွဲများတွင် မွေးမြူရေးနှင့် ရေလုပ်ငန်း၊ ကုန်ထုတ်လုပ်ရေး၊ ကာကွယ်ရေးနှင့် အင်ဂျင်နီယာထုတ်ကုန်၊ သတင်းအချက်အလက်နည်းပညာ၊ ကုန်သွယ်ရေး၊ ခရီးသွားလုပ်ငန်း၊ ထောက်ပံ့ပို့ဆောင်ရေး၊ ပညာရေးနှင့် ကျန်းမာရေးစသည်တို့ ပါဝင်ပါသည်။ အပြည်ပြည်ဆိုင်ရာကုန်သွယ်ရေးကဏ္ဍဆွေးနွေးပွဲတွင် မြန်မာနိုင်ငံမှ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူး၊ ဒေါ်မေမျိုးဇော်မှ ပါဝင်တက်ရောက်ဆွေးနွေးခဲ့ပါသည်။

အဆိုပါ (၈) ကြိမ်မြောက် Bengal Global Business Summit တွင် မြန်မာနိုင်ငံမှ မိတ်ဖက်နိုင်ငံတစ်ခုအဖြစ် ပါဝင်တက်ရောက်၍ ပြခန်းပြသခဲ့ခြင်းဖြင့် အနောက်ဘင်္ဂလားပြည်နယ်နှင့် သာမက တစ်ခြား မိတ်ဖက်နိုင်ငံများအကြား ချစ်ကြည်ရင်းနှီးမှု မြှင့်တင်နိုင်ခြင်း၊ နိုင်ငံအတွက် အလားအလာရှိသော ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုအခွင့်အလမ်းများရရှိရေးအတွက် သက်ဆိုင်ရာ နယ်ပယ်ကဏ္ဍအသီးသီးမှ တာဝန်ရှိသူများနှင့် ထိတွေ့ဆက်ဆံနိုင်ရေး အခွင့်အလမ်းကောင်းများ ရရှိစေပါသည်။

ကောင်းထွဋ်အောင်၊ စီးပွားရေးသံမှူး
ကော်လ်ကတ္တား

Agribusiness & Trade

## အိန္ဒိယနိုင်ငံ ဆေးဝါးထိန်းချုပ်ရေးအဖွဲ့သည် တင်ပို့မှုလုပ်ငန်းစဉ်ကို ရိုးရှင်းစေပြီး လုပ်ငန်းတာဝန်များကို လျှော့ချမည်

အိန္ဒိယနိုင်ငံ ဆေးဝါးများ စံချိန်စံညွှန်းထိန်းချုပ်ရေးဗဟိုအဖွဲ့ (The Central Drugs Standard Control Organisation-CDSCO) အနေဖြင့် ဆေးဝါးစက်ရုံပေါင်း ၁၀,၀၀၀ ကျော်ကို တာဝန်ယူကြီးကြပ်ရန် ဝန်ထမ်း ၂,၀၀၀ သာရှိသောကြောင့် ယခင်တင်ပို့မှုမှတ်တမ်းများအပေါ် အခြေခံ၍ ပြည်ပသို့တင်ပို့ရန်ခွင့်ပြုချက်များကို လွယ်ကူချောမွေ့စေပြီး၊ ထုတ်လုပ်ခြင်းနှင့် သုတေသနလုပ်ငန်းဆိုင်ရာလိုင်စင်ထုတ်ပေးခြင်းလုပ်ငန်းစဉ်ကို ရိုးရှင်းအောင် ပြုလုပ်သွားမည် ဖြစ်ကြောင်း သိရသည်။

အိန္ဒိယနိုင်ငံ ဆေးဝါးများစံချိန်စံညွှန်းထိန်းချုပ်ရေးဗဟိုအဖွဲ့အနေဖြင့် ၎င်းတို့၏ ဝန်ထမ်းများ၏ ဝန်ထုပ်ဝန်ပိုးကို လျှော့ချရန်အတွက် ခွင့်ပြုချက်မရှိသော ဆေးဝါးများ တင်ပို့ခြင်းဆိုင်ရာကိစ္စရပ်များကို လွယ်ကူချောမွေ့စေခြင်းနှင့် ထုတ်လုပ်မှုလိုင်စင်ထုတ်ပေးခြင်း လုပ်ငန်းစဉ်ကို ရိုးရှင်းစေခြင်းအပါအဝင် ပြုပြင်ပြောင်းလဲမှုအမျိုးမျိုးကို အကောင်အထည်ဖော်ရန် ရည်ရွယ်ထားကြောင်း အဖွဲ့အစည်း၏ အကြီးအကဲက ယခုလ ၂၇ ရက်နေ့တွင် ပြောကြားခဲ့သည်။

အိန္ဒိယနိုင်ငံတွင် ဆေးဝါးစက်ရုံပေါင်း ၁၀,၀၀၀ ကျော်နှင့် ဆေးဆိုင်ပေါင်း ၁ သန်းကို ကြီးကြပ်ရန် ၎င်းတို့တွင် ဝန်ထမ်း ၂,၀၀၀ ဦးသာရှိကြောင်း မစ္စတာ Rajeev Raghuvanshi က မွန်ဘိုင်းမြို့၌ ကျင်းပသော ညီလာခံတစ်ခုတွင် ပြောကြားခဲ့သည်။ "ကျွန်တော်တို့အနေနဲ့ ညတွင်းချင်း ဝန်ထမ်းအင်အားကို တိုးမြှင့်လို့မရပါဘူး။" ဟု ၎င်းက ပြောကြားခဲ့သည်။ "ကျွန်တော်တို့ ဘာပဲလုပ်လုပ် ဘာတွေလျှော့ချရမလဲဆိုတာကို ခွဲခြမ်းစိတ်ဖြာရပါမယ်။"ဟု ပြောကြားခဲ့သည်။

အဆိုပါ ဗဟိုအစိုးရအဖွဲ့အစည်းသည် လျှောက်ထားသူ၏ ယခင်တင်ပို့မှုမှတ်တမ်းများကို ထည့်သွင်းစဉ်းစားခြင်းဖြင့် တင်ပို့ခွင့်ပြုချက်လုပ်ငန်းစဉ်ကို လွယ်ကူချောမွေ့စေရန် စီစဉ်ထားပြီး ပမာဏနှင့် သုံးစွဲသူသီးသန့်တင်ပို့မှုစနစ် (customer-specific exports system)မှ ဖယ်ရှားသွားမည်ဖြစ်သည်။ ဥပမာအားဖြင့် ကုမ္ပဏီတစ်ခုသည် ယခင်နှစ်က ပါရာစီတမော (Paracetamol) ဆေးပြား သန်း ၁၀၀ ကို တင်ပို့ခဲ့ပါက ယခုနှစ်တွင် ထိုပမာဏအတွက် "ငြိငုံ" ကန့်ကွက်မှုမရှိကြောင်း ထောက်ခံစာ (NOC) ရရှိရန် အရည်အချင်းပြည့်မီလာမည်ဖြစ်ကြောင်း ၎င်းက ရှင်းပြခဲ့သည်။ သို့သော်လည်း အဆိုပါ ထောက်ခံစာသည် အိန္ဒိယနိုင်ငံ ပြည်တွင်းတွင် ရောင်းချခွင့်မရှိဘဲ တင်ပို့ရန်

အတွက်သာ ခွင့်ပြုထားသော ဆေးဝါးထုတ်ကုန်များအတွက်သာ အကျုံးဝင်မည်ဖြစ်ကြောင်း သိရသည်။

လာမည့် ရက်သတ္တပတ်အနည်းငယ်အတွင်း စတင်မိတ်ဆက်ရန် မျှော်လင့်ထားသည့် ရိုးရှင်းသော တင်ပို့မှုဆိုင်ရာ စည်းမျဉ်းများသည် ထိန်းချုပ်ရေးဗဟိုအဖွဲ့မှ ထုတ်ပေးသော NOC အရေအတွက်ကို ထက်ဝက်ခန့် လျှော့ချပေးနိုင်မည်ဖြစ်ကြောင်းနှင့် ဌာနအနေဖြင့် ပြီးခဲ့သည့် ၈ လအတွင်း NOC အရေအတွက် ၁၀,၀၀၀ ထုတ်ပေးခဲ့သည်နှင့် နှိုင်းယှဉ်ပါက လျှော့ကျသွားဖွယ်ရှိကြောင်း ၎င်းက ပြောကြားခဲ့သည်။

ကမ္ဘာ့ဆေးဝါးအများဆုံးကို ထုတ်လုပ်တင်ပို့လျက်ရှိသော အိန္ဒိယနိုင်ငံသည် အမေရိကန်ပြည်ထောင်စုတွင် အသုံးပြုသော ယေဘုယျဆေးဝါးများ (generic medicines) ၏ ၄၀%၊ ဗြိတိန်နိုင်ငံတွင် အသုံးပြုသော ဆေးဝါးစုစုပေါင်း၏ ၂၅% နှင့် အာဖရိကနိုင်ငံအများအပြားတွင် ရှိသော ဆေးဝါးအားလုံး၏ ၉၀% ကျော်ကို ထောက်ပံ့ပေးလျက်ရှိကြောင်း မစ္စတာ Raghuvanshi က ပြောကြားခဲ့သည်။

ထို့အပြင် ထိန်းချုပ်ရေးဗဟိုအဖွဲ့အနေဖြင့် သုတေသနလုပ်ငန်းများ စတင်ဆောင်ရွက်ရန်အတွက် လိုင်စင်လိုအပ်ချက်အချို့ကို ဖယ်ရှားပေးသွားမည်ဖြစ်ပြီး နိုင်ငံအတွင်း စမ်းသပ်ခြင်း၊ စစ်ဆေးခြင်းနှင့် ခွဲခြမ်းစိတ်ဖြာခြင်းတို့တွင် အသုံးပြုသော ဆေးဝါးများအတွက် ထုတ်လုပ်မှု လုပ်ငန်းစဉ်ကို ရိုးရှင်းစေမည်ဖြစ်ကြောင်း သိရသည်။

အိန္ဒိယနိုင်ငံထုတ် ချောင်းဆိုးပျောက်ဆေးများသည် ဂမ်ဘီယာ၊ ဥဇဘက်ကစ္စတန်နှင့် ကင်မရွန်းနိုင်ငံတို့တွင် ကလေးငယ်များ သေဆုံးမှုနှင့် ဆက်စပ်နေသောကြောင့် အိန္ဒိယနိုင်ငံ၏ ဆေးဝါးထိန်းချုပ်ရေးအဖွဲ့များသည် ဒေါ်လာ ၄၂ ဘီလီယံတန်ဖိုးရှိသော လုပ်ငန်းကဏ္ဍကို ကြီးကြပ်ရန် ဖိအားများရှိနေသည်။ အဆိုပါလုပ်ငန်းကဏ္ဍကို ကုမ္ပဏီငယ်များက လွှမ်းမိုးထားကြောင်း သိရသည်။

အဆိုပါထိန်းချုပ်ရေးဗဟိုအဖွဲ့သည် ထုတ်လုပ်သူများနှင့် ၎င်းတို့၏ ထောက်ပံ့ရေး ကွင်းဆက်များအပါအဝင် သက်ဆိုင်ရာအချက်အလက်အားလုံးကို တစ်ခုတည်းသော အချက်အလက်ဘဏ်တစ်ခုတွင် ရယူစုဆောင်းမည့် ဒစ်ဂျစ်တယ်ဆေးဝါးထိန်းချုပ်ရေးစနစ်သစ်တစ်ခု တည်ဆောက်ရန်

ရှုပြီး ၁ ဘီလီယံ (ဒေါ်လာ ၁၁.၅ သန်း) ရင်းနှီးမြှုပ်နှံသွားမည်ဖြစ်ကြောင်း မစ္စတာ Raghuvanshi က ပြောကြားခဲ့သည်။

သို့ပါ၍ မြန်မာနိုင်ငံအနေဖြင့်လည်း အိန္ဒိယနိုင်ငံမှ ဆေးဝါးများကို ဝယ်ယူတင်သွင်းရာတွင် အိန္ဒိယနိုင်ငံ ဆေးဝါးထိန်းချုပ်ရေးဗဟိုအဖွဲ့၏ တင်ပို့မှုလုပ်ငန်းစဉ် လွယ်ကူချောမွေ့စေရေး ဆောင်ရွက်မည့် မူဝါဒအစီအစဉ်ကြောင့် ယခင်ကထက် တင်သွင်းမှု လွယ်ကူအဆင်ပြေနိုင်မည်ဖြစ်ကြောင်း သုံးသပ်တင်ပြအပ်ပါသည်။

ကောင်းထွဋ်နှောင်၊ စီးပွားရေးသံမှူး

ကော်လ်ကတ္တား

Source: The Hindu Businessline, India’s drug regulator to simplify export process, ease workload, February 27, 2025.

---

## အိန္ဒိယနှင့် EU တို့သည် ကမ္ဘာ့အခြေအနေ ပြောင်းလဲမှုများကြားတွင် ဆက်ဆံရေး ခိုင်မာစေရန် ကြိုးပမ်း

အိန္ဒိယနိုင်ငံသည် ဥရောပသမဂ္ဂ (EU) နှင့် ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကာကွယ်ရေးဆိုင်ရာ ဆက်ဆံရေးများကို ခိုင်မာစေရန် ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။ ဥရောပကော်မရှင်ဥက္ကဋ္ဌ Ursula von der Leyen ဦးဆောင်သော EU အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် ယခုလ ၂၇ ရက် (ကြာသပတေးနေ့) တွင် အိန္ဒိယနိုင်ငံသို့ ရောက်ရှိလာခဲ့ပြီး၊ အဆိုပါ နှစ်ရက်ကြာ ခရီးစဉ်သည် ကမ္ဘာ့ အခြေအနေများ ပြောင်းလဲလာသည်နှင့်အမျှ အိန္ဒိယနှင့် EU တို့အကြားရှိ မဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေးကို ခိုင်မာစေရန်အတွက် သိသာထင်ရှားသော တွန်းအားတစ်ခုဖြစ်စေကြောင်း သိရသည်။

စီးပွားရေးဆက်ဆံရေးများ ပြန်လည်ရှင်သန်ရေးအတွက် စိတ်ဝင်စားမှု မြင့်တက်နေချိန်တွင် ယခုခရီးစဉ် ပေါ်ပေါက်လာခြင်းဖြစ်သည်။ EU သည် အမေရိကန်ပြည်ထောင်စုနှင့် ကုန်သွယ်ရေးပဋိပက္ခများ တိုးပွားလာနေချိန်တွင် အိန္ဒိယနိုင်ငံနှင့် ဆက်ဆံရေးကို ခိုင်မာစေလိုကြောင်း ထင်ရှားသည်။ အိန္ဒိယနှင့် EU ထိပ်တန်းခေါင်းဆောင်များသည် ယခုလ ၂၈ ရက် (သောကြာနေ့) တွင် ပြီးခဲ့သည့် ၁၇

နှစ်တာကာလအတွင်း ရည်မှန်းချက်ကြီးသော ကုန်သွယ်ရေးသဘောတူညီချက်ကို အပြီးသတ်ရေး အတွက် တွန်းအားပေးရန် မျှော်လင့်ရကြောင်း သိရသည်။

"ပဋိပက္ခများနှင့် ပြင်းထန်သောယှဉ်ပြိုင်မှုများရှိသည့်ခေတ်တွင် ယုံကြည်ရသော မိတ်ဆွေ များ လိုအပ်ပါတယ်။ ဥရောပအတွက် အိန္ဒိယသည် ထိုသို့သော မိတ်ဆွေ တစ်ဦးဖြစ်ပြီး မဟာဗျူဟာ မဟာမိတ်နိုင်ငံတစ်ခုလည်း ဖြစ်ပါတယ်။" ဟု Von der Leyen က ပြောကြားခဲ့သည်။

EU သည် လက်ရှိတွင် အိန္ဒိယနိုင်ငံ၏ ကုန်စည်များအတွက် အကြီးဆုံး ကုန်သွယ်ဖက်ဖြစ် သည်။ ၂၀၂၃-၂၄ ဘဏ္ဍာနှစ်တွင် နှစ်နိုင်ငံကုန်သွယ်မှုသည် အမေရိကန်ဒေါ်လာ ၁၃၇ ဒသမ ၅ ဘီလီယံအထိ ရှိခဲ့ပြီး ပြီးခဲ့သည့် ဆယ်စုနှစ်အတွင်း ၉၀ ရာခိုင်နှုန်းခန့် တိုးတက်လာခဲ့ကြောင်း သိရ သည်။ အိန္ဒိယနိုင်ငံသည် ဉာဏ်ရည်တု (AI) အပါအဝင် နည်းပညာသစ်များတွင် ဆက်ဆံရေးတိုး ချဲ့လိုပြီး ကုန်သွယ်မှုကွင်းဆက်များ တည်ဆောက်ရာတွင် EU နှင့် ပူးပေါင်းဆောင်ရွက်လိုကြောင်း သိရသည်။

လွတ်လပ်သောကုန်သွယ်ရေး သဘောတူညီချက် (FTA) နှင့် ပတ်သက်၍ ဆွေးနွေးမှုများ ပြုလုပ်နေသော်လည်း EU သည် အိန္ဒိယနိုင်ငံအား အချို့သော ကုန်ပစ္စည်းများအပေါ် တင်သွင်းခွန် လျှော့ချရန် တိုက်တွန်းထားသည်။ အိန္ဒိယနိုင်ငံသည် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (WTO) စည်းမျဉ်းများ ကို လိုက်နာလျက်ရှိပြီး ပြည်တွင်းစက်မှုလုပ်ငန်းများနှင့် တိုင်ပင်ကာ အကောက်ခွန်များကို တဖြည်း ဖြည်း လျှော့ချရန် ဆန္ဒရှိကြောင်း ဖော်ပြခဲ့သည်။

အဆိုပါ ခရီးစဉ်သည် EU နှင့် ထရမ့်အစိုးရအကြား တင်းမာမှုများ မြင့်တက်လာသည့် နောက်ခံအခြေအနေတွင် ဖြစ်ပေါ်လာခြင်းဖြစ်ပြီး ဆွေးနွေးမှုများအတွက် ပိုမိုအရေးပါစေမည်ဟု ယူဆရသည်။ နှစ်ဖက်စလုံးသည် ရုရှား-ယူကရိန်း ပဋိပက္ခနှင့် ပတ်သက်၍လည်း ဆွေးနွေးရန် မျှော်လင့်ရပြီး ယင်းကိစ္စနှင့် ပတ်သက်၍ ၎င်းတို့တွင် သဘောထားကွဲလွဲမှုများ ရှိဖွယ်ရှိကြောင်း သိရ သည်။

ကောင်းထွဋ်အောင်၊ စီးပွားရေးသံမှူး

ကော်လ်ကတ္တား

Source: The New Indian Express, India looks to bolster trade, defence ties with EU as delegation arrives, February 28, 2025.

Agribusiness & Trade

# ကမ္ဘာလုံးဆိုင်ရာ အထည်အလိပ် နည်းပညာနှင့် အင်ဂျင်နီယာ ဆိုင်ရာပြပွဲ (Global Textile Technology & Engineering Show (GTTES) 2025) သို့ စီးပွားရေးသံမှူးတက်ရောက်

အိန္ဒိယ အပြည်ပြည်ဆိုင်ရာ အထည်အလိပ် စက်ကိရိယာပစ္စည်းပြပွဲများဆိုင်ရာအသင်း (India International Textile Machinery Exhibitions Society-India ITME Society) မှ ဦးဆောင်စီစဉ်မှုဖြင့် အိန္ဒိယနိုင်ငံ၊ မွန်ဘိုင်းမြို့၊ ဘုံဘေကုန်စည်ပြပွဲဗဟိုဌာန (Bombay Exhibition Centre) တွင် ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၁ ရက်နေ့မှ ၂၃ ရက်နေ့အထိ ကျင်းပပြုလုပ်ခဲ့သည့် ကမ္ဘာလုံးဆိုင်ရာ အထည်အလိပ် နည်းပညာနှင့် အင်ဂျင်နီယာဆိုင်ရာပြပွဲ (Global Textile Technology & Engineering Show (GTTES) 2025) သို့ စီးပွားရေးသံမှူး ဦးကောင်းထွဋ်အောင် ပါဝင်တက်ရောက်ခဲ့ပါသည်။

ပြပွဲ ဖွင့်ပွဲအခမ်းအနားကို ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၁ ရက်နေ့ နံနက်ပိုင်းတွင် ကျင်းပပြုလုပ်ခဲ့ရာ အိန္ဒိယရိုးရာ မီးအိမ်ထွန်းညှိခြင်းအခမ်းအနားဖြင့် စတင်ခဲ့ပြီး Dr. Kailash Shinde၊ Navi Mumbai Municipal Corporation ကော်မရှင်နာ၊ Roop Rashi Mahapatra အိန္ဒိယအစိုးရအထည်အလိပ် ကော်မရှင်နာ၊ မွန်ဘိုင်းမြို့အခြေစိုက် ကောင်စစ်ဝန်ချုပ်ရုံးများမှ ကောင်စစ်ဝန်ချုပ်များနှင့် တာဝန်ရှိသူများ၊ Ketan Sanghvi ဥက္ကဋ္ဌ၊ ITME India အပါအဝင် ဂုဏ်သရေရှိပုဂ္ဂိုလ်များ၊ အထူးဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် မီဒီယာများ တက်ရောက်ခဲ့ကြပါသည်။

အဆိုပါ ကုန်စည်ပြပွဲတွင် နိုင်ငံပေါင်း ၃၉ နိုင်ငံမှ ပါဝင်ပြသသူ ၂၁၀ ဦးမှ အထည်အလိပ် နည်းပညာဆိုင်ရာ ဆန်းသစ်တီထွင်မှုနှင့် စက်ကိရိယာပစ္စည်းများ ပြသခဲ့ကြပါသည်။ ကုန်စည်ပြပွဲနှင့်အတူ အထည်အလိပ်ကဏ္ဍဖွံ့ဖြိုးတိုးတက်မှု၊ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးနှင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးရေးဆိုင်ရာ ဆွေးနွေးပွဲများကိုလည်း ကျင်းပပြုလုပ်ခဲ့ပါသည်။ ပါဝင်တက်ရောက်လာသူများ အကြား စီးပွားရေး ကွန်ရက်ချိတ်ဆက်မှုများ ပြုလုပ်ဆောင်ရွက်နိုင်မည့် စီးပွားရေးချိတ်ဆက်မှု ပြခန်းဆောင်တစ်ခုလည်း ပါဝင်ပါသည်။

အဆိုပါ ကမ္ဘာလုံးဆိုင်ရာ အထည်အလိပ် နည်းပညာနှင့် အင်ဂျင်နီယာဆိုင်ရာပြပွဲ ဒုတိယနေ့သို့ မြန်မာ့အထည်အလိပ်လုပ်ငန်းရှင်တစ်ဦးဖြစ်သော ဦးနိုင်အောင်ရန်၊ ဒါရိုက်တာ၊ ဖိုးပြုံးချို ကုမ္ပဏီလီမိတက်မှ ပါဝင်တက်ရောက်ခဲ့ပြီး၊ အထည်အလိပ်ဆိုင်ရာနည်းပညာများ၊ စက်ကိရိယာပစ္စည်းများ ပြသထားသည့် ပြခန်းများသို့ စိတ်ပါဝင်စားစွာ လှည့်လည်ကြည့်ရှုလေ့လာခဲ့ပါသည်။

Agribusiness & Trade

ထို့နောက် ၎င်းအနေဖြင့် သက်ဆိုင်ရာ ပြခန်းတာဝန်ရှိသူများနှင့် ဝင်ရောက်တွေ့ဆုံ၍ သိရှိလိုသည် များကို မေးမြန်းစုံစမ်းမှုများ ပြုလုပ်ရာတွင် စီးပွားရေးသံမှူးမှ လိုအပ်သလို ပါဝင်ကူညီချိတ်ဆက် ပေးခဲ့ပါသည်။

ပြပွဲခန်းမရှိ India ITME Society ရုံးခန်းတွင် အသင်း၏ အုပ်ချုပ်မှုဒါရိုက်တာ Ms. Seema Srivastava နှင့် တွေ့ဆုံကာ ၂၀၂၆ ခုနှစ်၊ ဒီဇင်ဘာလ ၄ ရက်နေ့မှ ၉ ရက်နေ့အထိ Greater Noida ရှိ India Expo Center & Mart တွင် ၆ ရက်ကြာကျင်းပပြုလုပ်မည့် (၁၂) ကြိမ်မြောက် အိန္ဒိယ အပြည်ပြည်ဆိုင်ရာ အထည်အလိပ်စက်ကိရိယာပစ္စည်းပြပွဲ (12th India International Textile Machinery Exhibition) သို့ ပါဝင်တက်ရောက်ရန် ဖိတ်ခေါ်သွားမည့်အကြောင်း၊ စီးပွားရေးသံမှူး အနေဖြင့် ယင်းသို့ တရားဝင်ဖိတ်ကြားစာ လက်ခံရရှိပါက မြန်မာနိုင်ငံမှ စိတ်ပါဝင်စားသော ကုန်သည်လုပ်ငန်းရှင်များ ပါဝင်တက်ရောက်နိုင်ရေး ဆက်လက်၍ ဖိတ်ကြားဆောင်ရွက်ပေးသွား မည်ဖြစ်ကြောင်း ဆွေးနွေးခဲ့ပါသည်။

ကောင်းထွဋ်အောင်၊ စီးပွားရေးသံမှူး
ကော်လ်ကတ္တား

…………………………………………………………………………………………………